# ၂၀၂၀ ခုနှစ်တွင် စင်ကာပူ၌ 5G ကွန်ယက်လိုင်စင်များ ထုတ်ပေးမည်

နိုင်ငံ၏ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားတို့ကို မြှင့်တင်နိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော နည်းပညာများကို အသုံးချဆောင်ရွက်သွားရန် ခြေလှမ်းအဖြစ် စင်ကာပူသည် 5G ကွန်ယက်လိုင်စင် (၄) ခုကို ၂၀၂၀ ခုနှစ်တွင် ထုတ်ပေးတော့မည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ် အစောပိုင်းတွင် သတင်းအချက်အလက်မီဒီယာဖွံ့ဖြိုးတိုးတက်မှုအာဏာပိုင် (The Infocomm Media Development Authority – IMDA) သည် Singtel ၊ StarHub ၊ M1 နှင့် TPG တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်း (၄) ခုတို့အား ပါဝင်စေလျက် (၂)လကြာမြင့်ခဲ့သည့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် အောက်တိုဘာလတွင် ဤအစီအမံအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတစ်ခုလုံးဖြန့်ကျက်မည့် 5G ကွန်ယက်လိုင်စင် (၂) ခုနှင့် ၎င်းတို့ထက် အရွယ်အစားပိုမိုသေးငယ်သော 5G ကွန်ယက်လိုင်စင် (၂) ခု တို့ကို ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။ သို့သော် တစ်နိုင်ငံလုံးကိုဖြန့်ကျက်နိုင်သည့် 5G ကွန်ယက်မှာ လက်ရှိတွင် တစ်နိုင်ငံလုံးသို့ 5G လေလှိုင်းကွန်ယက် လွှမ်းခြုံနိုင်မှု မရှိသေးသည့်အတွက် ၂၀၂၁ ခုနှစ်မှသာ ဖြန့်ကျက်နိုင်ခြေရှိကြောင်း၊ လုပ်ငန်းများသည် 5G လေလှိုင်းကွန်ယက် ခွဲဝေသတ်မှတ်ပြီးနောက်ပိုင်း ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် နောက်ဆုံးထား၍ ကနဦးအဆိုပြုလွှာများကို တင်သွင်းရမည်ဖြစ်ကြောင်း၊ IMDA သည် ယခင်တင်ဒါစနစ်နှင့်မတူဘဲ တင်ဒါဈေးနှုန်းတစ်ခုတည်းကိုသာ သုံးသပ်မည်မဟုတ်ဘဲ အဆိုပြုသည့်ကွန်ယက်များ၏ ဒီဇိုင်း၊ ထူပေနာပေခံနိုင်မှု၊ စတင်အသုံးပြုနိုင်မှုနှင့် ဆောင်ရွက်နိုင်မှု စသည့် သတ်မှတ်ချက်များအလိုက် အဆင့်ခွဲခြားရွေးချယ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

5G နည်းပညာသည် 4G ထက် အဆ (၂၀) ပိုမိုမြန်ဆန်ပြီး၊ အခြားကိရိယာများနှင့် အဆ(၁၀၀၀) ပိုမိုချိတ်ဆက်နိုင်စွမ်းရှိကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် အမျိုးသားသုတေသနဖောင်ဒေးရှင်း (National Research Foundation) နှင့် IMDA တို့သည် စင်ကာပူ၏ 5G ကွန်ယက် စတင်အသုံးပြုနိုင်ရေးအစီအမံကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေ စင်ကာပူဒေါ်လာသန်း ၄၀ ကို ထူထောင်ခဲ့ပြီး၊ ယင်းရန်ပုံငွေအထောက်အပံ့များကို ရယူအသုံးပြုဆောင်ရွက်နိုင်သည့် စီမံကိန်းများလည်းရှိကြောင်း သိရှိရပါသည်။

သတင်းရင်းမြစ် ။ ။ The Straits Time / The Business Times